**ယာဉ်မောင်း ဝန်ထမ်း (Driver)ခေါ်ယူခြင်း** **နေ့စွဲ: ၄ ရက် ဇွန်လ ၂၀၂၅**

**ကျွန်ုပ်တို့သည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ နှင့် လဲချား မြို့တို့တွင် တာဝန်ထမ်းဆောင် နိုင်ရန်အတွက် ယာဉ်မောင်း ဝန်ထမ်း လစ်လပ်ရာထူး (၂) ဦးအား ခေါ်ယူနေပြီး တိုက်ရိုက်ကြီးကြပ်သူထံ အစီရင်ခံရပါမည်။**

လုပ်ငန်းအစီအစဉ်အရ စီမံကိန်းမြို့နယ်အတွင်းရှိ နယ်မြေဒေသများသို့ ခရီးသွားရမည်ဖြစ်သည်။

Relief International တွင်၊ အဖွဲ့အစည်း၏ ကိုယ်စားလှယ်များအဖြစ် ပါဝင်ပြီး စစ်မှန်သော လုပ်ငန်းခွင်တစ်ခု တည်ဆောက်ရန် ကျွန်ုပ်တို့ ကတိပြုပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လုပ်ဆောင်နေသည့် လုပ်ငန်းအစီအစဉ်များနှင့် ဆက်စပ် အခြေအနေများမှ အတွေ့အကြုံများ ယူဆောင်လာပေးသော ကိုယ်စားလှယ်လောင်းများအား ကျွန်ုပ်တို့၏ အဖွဲ့အစည်းတွင် ဝင်ရောက်အလုပ်လျှောက်ထားရန် အလေးအနက် တိုက်တွန်းပါသည်။

ကမ္ဘာတစ်ဝှမ်းရှိ လူများကို Relief International ဝန်ထမ်းများအဖြစ် ရွေးချယ်ခန့်ထားနိုင်ခြင်းအားဖြင့် ကမ္ဘာလုံးဆိုင်ရာ ဝန်ထမ်း စု ဆောင်းသူအဖြစ် ကျွန်ုပ်တို့ ဂုဏ်ယူပါသည်။ ကျွန်ုပ်တို့သည် ဝန်ထမ်းများ အားလုံး၏ လစာနှင့် အကျိုးခံစားခွင့် ပက်ကေ့ဂျ်များကို မျှမျှတတနှင့် ပွင့်လင်းမြင်သာစွာ ပေးဆောင်ပါသည်။ ဆိုလိုသည်မှာ ဝန်ထမ်းများ၏ ပြည်တွင်း အလုပ်အကိုင် ဈေးကွက်ပေါ်တွင် မူတည်ပြီး လစာအား ကြော်ငြာစာတွင် ဖော်ပြမထားသော်လည်း ရွေးချယ်ရေး လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆန်ခါတင် ကိုယ်စားလှယ်လောင်းများအား လစာ သတ်မှတ်ချက်များကို ကြိုတင် အကြောင်းကြား နိုင်ပါသည်။

## <u>Relief International အကြောင်း</u>

**Relief International** သည် ဆင်းရဲ နွမ်းပါးမှု လျော့ပါးသက်သာရေး၊ ကျန်းမာပျော် ရွှင်ရေး နှင့် ဂုဏ်သိက္ခာတိုးတက်ရေးတို့ အတွက် နိုင်ငံပေါင်း (၁၅) နိုင်ငံတွင် အမြတ်အစွန်းအတွက် မဟုတ်သည့် ဦးဆောင် အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့ သည် သဘာဝ ဘေးအန္တရာယ်များ၊ လူငယ်များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ၊ နာတာရှည် ဆင်းရဲမွဲတေမှု အခြေနေ အရပ်ရပ်တို့ကို တုံ့ပြန်ဆောင်ရွက်သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။

## <u>အလုပ်အကြောင်း အကျဉ်းချုပ်ဖော်ပြချက်</u>

တိုက်ရိုက်ကြီးကြပ်သူများ၏ လက်အောက်တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သော ယာဉ်မောင်းသည် သတ်မှတ်ထားသော ဒေသများ၌ စီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည်။ RI ဝန်ထမ်းများ၊ ဧည့်သည်များနှင့် ပစ္စည်းများကို ကောင်းမွန်သော ဘေးကင်းလုံခြုံမှု အခြေအနေများ အောက်တွင် ယုံကြည်စိတ်ချရသော၊ ကျွမ်းကျင်သော၊ အချိန်နှင့်တပြေးညီ သယ်ယူပို့ဆောင်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ယာဉ်များကို အကောင်းဆုံး အသုံးပြုနိုင်ရန်အတွက် RI ၏ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများနှင့် လမ်းညွှန်ချက် များနှင့်အညီ RI ယာဉ်များ၏ သင့်လျော်သော အသုံးပြုမှုနှင့် ထိန်းသိမ်းမှုကို တာဝန်ယူရမည်ဖြစ်သည်။ ယာဉ်မောင်းအနေဖြင့် ခွင့်ပြုထား သော ကုန်ပစ္စည်းများနှင့် ခရီးသည်များကို RI ယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်း၊ ၎င်း၏ နည်းပညာပိုင်းဆိုင်ရာနှင့် ဘေးကင်းလုံခြုံရေး အခြေအနေများကို သေချာစေခြင်း၊ ယာဉ်စည်းကမ်းများနှင့် RI ၏ လုံခြုံရေး စည်းမျဉ်းများကို လိုက်နာခြင်းဖြင့် ဘေးကင်းလုံခြုံပြီး ချောမွေ့၍ ထိရောက်သော ဝန်ဆောင်မှုကို ပေးအပ်ရန် လိုအပ်သည်။

### အဓိကလုပ်ဆောင်ရမည့်တာဝန်များ

- ဝန်ထမ်းများအားလုံးနှင့် သယ်ယူပို့ဆောင်ရေးကုန်ပစ္စည်းများအား အချိန်နှင့် တပြေးညီ လုံခြုံစွာ ပို့ဆောင်ပေးရန်။

- ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ချိန်တွင် ပေးပို့သူ သယ်ဆောင်ပေးသူ နှင့်လက်ခံရရှိသူများ အကြားတွင်လိုအပ်သော စာရွက်စာတမ်းများအား ထောက်ပံ့ပို့ဆောင်ရေး နှင့် သက်ဆိုင်သူများအား ပြန်လည်ပေးအပ်ရန်။
- ရုံးတက်သည့်နေ့စဉ်မနက်တိုင်း မော်တော်ယာဉ် အခြေအနေ နှင့် မော်တော်ယာဉ် အတွင်းတွင် ရှိသော အပိုပစ္စည်း များအား စစ်ဆေးရန် ( ကားတာယာ၊ ဆီ၊ ရေ၊ လေ၊ ဝိုင်၊ ဘရိတ်၊ အချက်ပြမီး၊ ကားအပိုပစ္စည်း၊ အရေးပေါ် ရှေးဦး သူနာပြုသေတ္တာ) လိုအပ်မှု တစ်စုံတစ်ရာ တွေ့ရှိပါက သက်ဆိုင်ရာ အုပ်ချုပ်သူ လိုင်းမန်နေဂျာ ထံသို့ ချက်ချင်းအကြောင်းကြားရန်။
- မိမိလုံခြုံမှုနှင့် အခြားသူများ လုံခြုံမှုရှိစေရန် အထူးဂရုစိုက်ရန်၊ Relief International မှ ချမှတ်ထားသော လုံခြုံရေး စည်းမျဉ်း စည်းကမ်း များအား အချိန်တိုင်းလိုက်နာရန်နှင့် နိုင်ငံတွင်း ချမှတ်ထားသော မော်တော်ယာဉ် စည်းမျဉ်း စည်းကမ်းများအား တလေးတစားလိုက်နာရန်။
- မော်တော်ယာဉ် မှတ်တမ်းစာအုပ်တွင် ခရီးစဉ်တစ်ခုပြီးတိုင်း မှတ်တမ်းတင်ရန်၊ လိုက်ပါလာသော ခရီးသည် များအားလုံး မှန်ကန်တိကျစွာ ဖြည့်စွက်စေရန် ၊ မော်တော်ယာဉ်အတွင်းတွင် ရှိသော ပစ္စည်းများ အသုံးပြုပြီးတိုင်း ပြန်ဖြည့်ထားရန်။ မိမိမောင်းနှင်နေသော မော်တော်ယာဉ်အခြေအနေအား မှတ်တမ်းတင်ထားရန် (လိုအပ်လျှင် လိုအပ်သလို Relief International ယာဉ်မောင်းများ မောင်းနှင်လျှင် အဆင်ပြေမှုရှိစေရန်။)
- မိမိအားတာဝန်ပေးထားသောမော်တော်ယာဉ်အား လိုအပ်လျှင် လိုအပ်သလို အတွင်းအပြင် မိမိကိုယ်တိုင် သန့်ရှင်းရေး ပြုလုပ်ပြီး မော်တော်ယာဉ်အား သန့်ရှင်းစွာထားရန်။
- စက်ပိုင်းဆိုင်ရာ ပျက်စီးချို့ယွင်းမှု ၊ ပြိုကွဲမှု (သို့မဟုတ်) ပြင်ပပျက်စီးမှုများနှင့် မတော်တဆဖြစ်မှုများအား သက်ဆိုင်ရာ အုပ်ချုပ်သူ လိုင်းမန်နေဂျာထံသို့ ချက်ချင်းအကြောင်းကြားရန်။
- ခရီးသည်များလိုက်ပါစီးနင်းချိန်များတွင် ခရီးသည်များ လုံခြုံမှုရှိစေရန်နှင့် မော်တော်ယာဉ် မတော်တဆဖြစ်မှုများ အားကြို တင်ကာကွယ်ရန်။ မော်တော်ယာဉ်အား ဂရုတစိုက် မောင်းနှင်ရန်၊ သတ်မှတ်ထားသောမိုင်နှုန်းအတိုင်း မောင်းနှင်ရန် အာရ်အိုင်မှ သတ်မှတ်ထားသောဝင်ချိန်ထွက်ချိန် အချိန်များအတိုင်းမောင်းနှင်းရန်။ နိုင်ငံတော်မှ ချမှတ်ထားသော ယာဉ် စည်းကမ်း ၊ လမ်းစည်း ကမ်း များအားလေးစားလိုက်နာရန်။
- Relief International ဝန်ထမ်းမဟုတ်သောသူများ မော်တော်ယာဉ်ပေါ်စီးနင်းလိုက်ပါလိုလျှင် ခရီးစဉ် မစတင်မီ လိုအပ်သော စာရွက်စာတမ်းများအားပြည့်စုံစွာ ဖြည့်စွက်ပြီးမှစတင်ထွက်ခွါစေရန်။
- ခရီးစဉ်တစ်လျှောက်တွင် ခရီးသည်နှင့်သော်လည်းကောင်း / ကုန်ပစ္စည်းသော်လည်းကောင်း/ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု နှင့်တစ်စုံတစ်ရာ မတော်တဆ ဖြစ်လျှင် အုပ်ချုပ်သူ လိုင်းမန်နေဂျာအား ချက်ချင်းအကြောင်းကြားရန်။
- မိမိအားတာဝန်ပေးထားသော မော်တော်ယာဉ် အတွက် နေ့စဉ် လောင်စာဆီနှင့် အသုံးစရိတ်မှတ်တမ်းများ ထားရှိရန်။
- မော်တော်ယာဉ်နှင့်ပါတ်သတ်သော စာရွက်စာတမ်းများအားလုံး မော်တော်ယာဉ်အတွင်းတွင်သေချာစွာ သိမ်းဆည်း ထားရှိရန်နှင့် သက်တမ်းရှိသော ယာဉ်မောင်းလိုင်စင်အား မိမိနှင့် တပါတည်းယူဆောင်သွားရန်။
- လစဉ်ပုံမှန် မော်တော်ယာဉ် အသုံးပြုမှု မှတ်တမ်းစာအုပ် နှင့် လစဉ် အစီရင်ခံစာများအား လိုင်းမန်နေဂျာထံ တင်ပြရန်။
- လိုအပ်ပါက ညဘက်အချိန်၊ အစိုးရရုံးပိတ်ရက် နှင့် အများပြည်သူနှင့်ဆိုင်သော ရုံးပိတ်ရက်များတွင် တာဝန်ထမ်း ဆောင်နိုင်ရန်။
- မိမိမော်တော်ယာဉ်မှ အသုံးပြုနေသော အပိုပစ္စည်းများ security tool kit များအားစာရင်းဇယားဖြင့် မှတ်တမ်းတင်ထားရန်နှင့် စနစ်တကျသိမ်းဆည်းထားရန်။
- မိမိသွားမည့်ခရီးစဉ်နှင့် ဧရိယာများကို မထွက်ခွါမှီ လမ်းအခြေအနေ နှင့် ရာသီဥတုအခြေအနေများကို ကြိုတင်စုံစမ်းထားရန်။
- လစဉ် မိမိကြုံတွေ့ခဲ့သောအခက်အခဲများ လိုအပ်ချက်များအား မိမိအထက်အရာရှိအား လစဉ်အစီရင်ခံတင်ရန်။
- တာဝန်ချိန်အတွင်း ဆေးလိပ်၊ အရက်၊ ကွမ်းနှင့် မူးယစ်စေတတ်သောအရာများ သုံးစွဲခြင်းလုံးဝမပြုလုပ်ရန်။
- RIအဖွဲ့ကို ကိုယ်စားပြုသော ဝန်ထမ်းတစ်ဦးအနေဖြင့် သန့်ရှင်းသပ်ရပ်ပြီး ယဉ်ကျေးပြူငှာစွာ ဝတ်စားနေထိုင် ပြောဆို ပြုမူရန်။
- မိမိ လိုင်းမန်နေဂျာမှ အခါအားလျှော်စွာပေးအပ်သော တာဝန်များအား ထမ်းဆောင်ရန်။
- Field site ရုံးမှ ဒရိုင်ဘာများ ခွင့်ယူသည့်အခါ သို့မဟုတ် လစ်လပ်သည့်အခါများတွင် လိုအပ်ချက်ပေါ်မူတည်၍ လစ်လပ် အချိန်ကာလ အတွက် ဖြည့်ဆည်း တာဝန်ထမ်းဆောင်ပေးရန်။

**<u>လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများ</u>**

- အခြေခံပညာအထက်တန်း နှင့်အထက် ဖြစ်ရမည်။

- ဒေသခံဘာသာ စကားကျွမ်းကျင်သူ ဖြစ်ရမည်။
- ယဉ်မောင်းလိုင်စင် သက်တမ်းရှိသူ ဖြစ်ရမည်။
- ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန် ပြီးကောင်းမွန်သောစိတ်ထားနှင့်စရိုက်ရှိ သူဖြစ်ရမည်။
- ဆက်ဆံရေးပြေပြစ်ကောင်းမွန်ပြီး တက်ကြွ၊ ရိုးသားသော သူဖြစ်ရမည်။
- မူးယစ်ဆေးကင်းစင်သူ၊ အရက်သေစာ မသောက်စားတတ်သူ ဖြစ်ရမည်။
- အများနှင့်ဆက်သွယ်ဆက်ဆံရေး ကောင်းမွန်သူဖြစ်ရမည်။

**<u>အနေအထိုင်နှင့်အမူအကျင့်ဆိုင်ရာ သတ်မှတ်ချက်များ</u>**

- အလုပ်ခွင်အတွင်းနှင့်ပြင်ပအဖွဲ့အစည်းများ နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အဖွဲ့အစည်းကျင့်ဝတ်နှင့် အကာအကွယ်ပေး ရေးမူဝါဆိုင်ရာ တန်ဖိုးများကို လေးစားလိုက်နာရန်။
- အလုပ်ကို သိက္ခာရှိရှိလုပ်ဆောင်ပြီး လေးစားမှု ၊ ပရော်ဖက်ရှင်နယ်ဖြစ်မှုအတွက် တာဝန်ယူရန်။
- စီမံချက်နှင့် ပတ်သက်သော အလေးထားဖွယ်ရာ အခြေအနေအရပ်ရပ်ကို ကြီးကြပ်သူထံ သတင်းပို့ရန်။

**အလုပ်လျှောက်ထားရန်:**

လျှောက်ထားလိုသူများသည် ဤ "**link**" တွင် ဝင်ရောက်ပြီး လျှောက်လွှာ ဖြည့်စွက်ရမည် ဖြစ်သည် (သို့မဟုတ်) khusay.reh@ri.org (သို့မဟုတ်) အောက်ပါလိပ်စာများသို့ လိပ်မူ ၍ **၁၃ရက် ဇွန်လ ၂၀၂၅ ညနေ ၅ နာရီထက်** နောက်မကျပဲ အောက်ပါ လိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

- Cover Letter နှင့် ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်
- မိမိ ၏ ယခင်လုပ်ငန်းအတွေ့ အကြုံများ မှ တိုက်ရိုက် ကြီးကြပ်သူ (၃) ဦး၏ အီးမေး၊ လက်ရှိ ရာထူး၊ ဖုန်းနံပါတ်၊ လက်ရှိလုပ်ဆောင်နေသော အဖွဲ့အစည်း အမည် တို့အား လုပ်ငန်းလျှောက်လွှာတွင် ဖေါ်ပြရန်

**လျှောက်ထားရန်လိပ်စာ**

**အမှတ်-ဂ၁ ၊ ကမ္ဘောဇလမ်း ၊ သစ်တောရပ် ၊ တောင်ကြီးမြို့။**

**မှတ်ချက်။။ သင့်တော်ကောင်းမွန်သော လျှောက်ထားသူများကိုတွေ့ရှိပါက သတ်မှတ်ရက်ထက်စောလျင်စွာ လူတွေ့စစ်ဆေး ခြင်း နှင့် အလုပ်ခန့်ထားခြင်းများ ပြုလုပ်နိုင်ပါသည်။**

**Relief International သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရင် အဖွဲ့အစည်း တစ်ခု အနေဖြင့်၊ ကျွန်ုပ်တို့နှင့် ပက်သက်ဆက်နွယ် နေသော သူများအားလုံးကို လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုမှ တားဆီးကာကွယ်နိုင်ရန် အတွက် အကာအကွယ်ပေးရန် ကတိပြုပါသည်။ Relief International မှ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအားလုံးသည် အပြုအမူဆိုင်ရာ ကျင့်ဝတ်ကျင့်ထုံးတွင် ဖေါ်ပြထားသော တန်ဖိုးထားမှုများနှင့် အပြုအမူများအားလုံးကို လိုက်နာရပါမည်။**